# မဖတ်ရသေးတဲ့သတင်း

ခေတ်ပေါ်ဝတ္ထုတိုများ

ပေါ်ဦးသစ်



# မဖတ်ရသေးတဲ့သတင်း
# ခေတ်ပေါ်ဂီတ္တုတိုများ

## (စာရေးသူရဲ့ နိဒါန်းစကား)
## ဘဂဆိုးတွေရဲ့ အရသာ(သို့မဟုတ်) မဖတ်ရသေးတဲ့သတင်း

မျှော်လင့်ချက်အတိုင်း ဖြစ်မလာတာတွေများလို့ မျှော်လင့်ချက်တွေမထားတော့ဘူး၊ မျှော် လင့်ချက်တွေကိုစွန့်လွှတ်လိုက်မယ်ဆိုရင် မျှော်လင့်စရာမရှိတဲ့လူတစ်ယောက်အဖြစ် ဘဂရဲ့ ဘာမှ မရှိခြင်းကွင်းပြင်ကြီးမှာ ကျွန်တော်တို့နေပူမိုးရွာမရှောင် ဖြတ်သန်းနေကြရမှာပေ့ါ။

အခု ကျွန်တော်တို့ရဲ့ အသက်ဓာတ်လို မြတ်နိုးရတဲ့ ခေတ်ပေါ်ဂီတ္တုတိုပေါင်းချုပ်တစ်အုပ် ကမ္ဘာမြေပေါ်ကစာပေပန်းဥယျာဉ်ထဲမှာ ပွင့်လန်းခွင့်ရလိုက်တာဟာ ကျွန်တော်တို့ရဲ့ မျှော်လင့်ခြင်း ကန္တာရထဲက စမ်းရေအိုင်မှာခဏတာ အပန်းဖြေခွင့်ရသလိုပါပဲ။

ကျွန်တော်တို့ရဲ့ ကဗျာတွေ၊ ဂီတ္တုတိုတွေ၊ အက်ဆေးတွေနဲ့ အခြားသောရသစာပေများဟာ ကျွန်တော်တို့ဘဂကန္တာရထဲက မျှော်လင့်ခြင်းစမ်းရေ၊ မျှော်လင့်ခြင်းသစ်ပင်ပါ။ ဒါကို ကျွန်တော်တို့ ယုံကြည်ခဲ့တယ်။ ကျွန်တော်တို့ယုံကြည်တာ ရသစာပေပဲ။ ခင်ဗျားတို့ဖတ်ရတဲ့ ကျွန်တော်တို့ရဲ့ စာပေဟာ အရသာရှိစေချင်တယ်။ အရသာရှိတဲ့အဖွဲ့အနွဲ့တွေကို ရရှိခံစားစေချင်တယ်။

ကျွန်တော်တို့ယုံကြည်တဲ့စာပေအဖွဲ့အနွဲ့ဟာ ခင်ဗျားတို့ကိုဆုံးမဖို့၊ ပညာပေးဖို့၊ သင်ခန်းစာပို့ ချဖို့၊ လောကအမြင်တစ်ခုကိုရစေဖို့ မဟုတ်ပါဘူး။ ကုန်ကုန်ပြောရရင်အခုခေတ် တချို့ စာပေဝေဖန် ရေးဆရာ၊ အကဲဖြတ်ဆရာ၊ ဇာတ်ညွှန်းဆရာတွေပြောပြောနေကြတဲ့ 'ဂီတ္တုတစ်ပုဒ်အဆုံးမှာ တွေးစရာတွေချန်ထားခဲ့တယ်'ဆိုတဲ့ သုံးသပ်ချက်မျိုးဖြစ်စေမယ့် စကားပြေမျိုးလည်းမဟုတ်ပါဘူး။ ကျွန် တော့်ဂီတ္တုထဲက

အဖွဲ့အနွဲ့တွေပါတဲ့ဝါကျတွေကို အရသာခံနိုင်ဖို့ဝတ္ထုသဘော သဘာဝဖြစ်တဲ့အကြောင်းအရာတစ်ခုကိုမဏ္ဍိုင်ပြုပြီး ရေးဖွဲ့လိုက်တာပါ။ အန္တိမရည်ရွယ်ချက်က ကျွန်တော်စကားပြေ ထဲကဖွဲ့နွဲ့ထားတဲ့ဝါကျတွေကိုဖတ်ပြီး အရသာရှိစေချင်တာပါပဲ။

သာမန်နေထိုင်မှုပုံပန်းသဏ္ဍာန်နဲ့ လူတစ်ယောက်မှာပဲဖြစ်ဖြစ်၊ စာပေအနုပညာကိုဖန်တီးတဲ့ နေရာမှာပဲဖြစ်ဖြစ် အကြောင်းအရာဆိုတာရှိတာပါပဲ။ အကြောင်းအရာတွေဟာ အနုပညာမဟုတ်ပါ ဘူး၊ အကြောင်းအရာတွေဟာ ရသမဟုတ်ပါဘူး။ ဖွဲ့နွဲ့ရေးသားတဲ့စကားပြေကိုပဲ ရသစာပေအဖြစ် ယုံကြည်ပါတယ်။ အကြောင်းအရာရွေးချယ်တာကတော့ ရေးသားသူရဲ့ ရရှိတဲ့ဘဝနဲ့ ဖြတ်သန်းရတဲ့ အခြေအနေအရပ်ရပ်ကပေးတဲ့အပေါ်မှာ မူတည်မှာပါ။

ကျွန်တော်တို့ရဲ့ ဝတ္ထုတစ်ပုဒ်ထဲမှာအကြောင်းအရာက တစ်ခုတည်းဖြစ်ချင်ဖြစ်မယ်၊ တစ်ခု ထက်မကတဲ့အကြောင်းအရာတွေလည်း ပါချင်ပါမယ်။ ရေတွက်လို့မရတဲ့ အကောင်းတွေပါသလို ရေတွက်လို့ရတဲ့အဆိုးတွေလည်း ပါချင်ပါမယ်။ ကျွန်တော်ကပဲ အကောင်းမမြင်တတ်လို့လား၊ ကျွန်တော်ရရှိခဲ့တဲ့ဘဝရဲ့ ဖြစ်တည်မှုကပဲ မကောင်းမှုတွေနဲ့မွေ့လျော်နေရလို့လား၊ ကျွန်တော်ကအ ကောင်းထက်အဆိုးကိုပဲ ရရှိခဲ့တယ်လို့ထင်တယ်။ အချစ်ကနည်းနည်း အမုန်းကများများ၊ ရှိခြင်းက နည်းနည်း၊ မရှိခြင်းကများများ၊ မိတ်ဆွေကောင်းကနည်းနည်း မိတ်ဆွေဆိုးကများများ၊ အမှန်တရား ကနည်းနည်း အမှားကများများ၊ ပတ်ဝန်းကျင်ကောင်းကနည်းနည်း ပတ်ဝန်းကျင်ဆိုးကများများ၊ ဆရာကောင်းကနည်းနည်း ဆရာဆိုးကများများ၊ အခြားလူတွေလိုပဲ လောကလက်ဆောင်အဆိုးအ ဝါးတွေကို ကျွန်တော်ရရှိခဲ့တယ်။

အခုအဲဒီ အဆိုးအဝါးတွေ၊ အဆိုးအဝါးလို့ထင်ရတဲ့ အရာတွေအားလုံးကိုပဲ ရသမြောက် အောင်ကြိုးစားဖန်တီးထားပါတယ်။

စာပေပုံသဏ္ဍာန်နဲ့ပတ်သက်လို့ ပြောချင်တာကတော့ တစ်ချို့ကအသက်(၂၀)မှာဝတ်တဲ့အ ကျႌနဲ့အသက်(၃၀)မှာဝတ်တဲ့အကျႌ ကို အရောင်အသွေးချုပ်ပုံကအစ မပြောင်းဘဲဝတ်ကြတယ်။

ကျွန်တော်ကတော့အစစအရာရာမှာ
သစ်လွင်ဆန်းပြားမယ်လို့ထင်တဲ့ဒီဇိုင်းလေးတွေကို စဉ်းစားခဲ့ ပါတယ်။ အထူးသဖြင့် ဝတ္ထုတိုရေးတဲ့သူဆိုတော့ ကျွန်တော့်ဝတ္ထုတိုဒီဇိုင်းကို ကျွန်တော်တီထွင်ကြည့်ချင်ပါတယ်။ အခုစာအုပ်မှာအပုဒ်တိုင်း ဒီဇိုင်းအသစ်ဖြစ်ချင်မှဖြစ်မယ်၊ ဒါပေမဲ့ကျွန်တော်ကြိုး စားထားတာကို ဖတ်ကြည့်ရင်တွေ့ပါလိမ့်မယ်။

**ပေါ်ဦးသစ်**

**၅၊ ၄၊ ၂၀၁၀**

**ရန်ကင်း၊ ရန်ကုန်**

*

# အိမ်တန်းလျား

ရပ်ကွက်ကလေးဟာ သူ့ကိုယ်သူအလှပျက်မှာစိုးလို့ဆိုပြီး အိမ်ထောင်သက်(၅)နှစ်ရတာ တောင်ကလေးမယူဘူးတဲ့။ ရပ်ကွက်ကလေးက ကလေးယူမယ့်ယူတော့လည်း အလှပျက်မှာစိုးလို့ ငွေကုန်ကြေးကျခံပြီးဗိုက်ခွဲမွေးတယ်။ ရပ်ကွက်ကလေးဟာမွေးထားတဲ့ကလေးကိုရသေ့တို့ကျောင်း သင်္ခမ်းမပို့ဘဲ ခိုးသူတို့လက်ထဲထည့်တယ်။ ကလေးငယ်ကဖရသဝါစာသီချင်းကို ကမ္ဘာဦးတေးအ ဖြစ်စဆိုတဲ့အချိန်မှာ ကလေးအမေက မိသားစုစားဝတ်နေရေးအတွက် အဝေးကိုထွက်ခွာသွားရပြီး ကလေးအဖေက အိမ်မှုကိစ္စတွေနဲ့ကျန်ခဲ့တယ်။

မနက်မိုးလင်းတာနဲ့တက္ကသိုလ်ကျောင်းကိုသွားတဲ့ ရပ်ကွက်ကလေးဟာကားပါရင် ပြီးရော ဆိုပြီးသူ့ဘဝကိုချစ်တီးလက် ထိုးအပ်တယ်။ ချစ်တီးက ရပ်ကွက်ကလေးကျောင်းအပြန် သူ့ကားနဲ့ အိမ်အထိလိုက်ပို့တယ်။ ရပ်ကွက်ကလေးဟာ ချစ်တီးမောင်းပို့တဲ့ကားကို ရပ်ကွက်ကလေးရဲ့ လမ်း ဆုံလမ်းခွမှာရပ်စေပြီးဆရာချစ်တီးက ကားတံခါးကိုဖွင့်ပေးမှကားပေါ်ကဆင်းတယ်။ သူကတော့သူ့ ကိုယ်သူနစ်ကိုးကစ်ဒ်မင်းရဲ့ မျက်နှာပေးမျိုးနဲ့ကားပေါ်ကဆင်းလာပေမယ့် ရပ်ကွက်ကလေးကတော့ သူစီးနေကျပြည်တွင်းဖြစ် ဈေးအပေါဆုံးဖိနပ်ဖြူနေရာမှာစက်ကာပူကလာတဲ့ ဒေါက်ဖိနပ်စီးထားတဲ့ ခြေထောက်ကိုပဲစိတ်ဝင်တစားနဲ့ အိမ်ပြတင်းမှန်ရဲ့ နောက်ကွယ်က မသိမသာကြည့်နေကြတယ်။

ဩော်- အခုတော့ချစ်တီးက ရပ်ကွက်ကလေးကိုသန်းမရှာဘဲ ဆံပင်ဖြောင့်ပေးခဲ့တယ်၊ ဒေါက်ဖိနပ်ဝယ်ပေးခဲ့တယ်။ ရပ်ကွက်ကလေးဟာ သူ့ရဲ့ နှုတ်ပိုမှုကိုအပေါင်ခံပစ္စည်းအဖြစ် ဒေါက်ဖိနပ် ကိုယူပြီးထုတ်ချေးလိုက်တယ်။ ရပ်ကွက်ကလေးရဲ့ ဘဝက ဒေါက်ဖိနပ်နဲ့အပေါင်ဆုံးသွားတယ်လို့ ဆိုရမလား။

ရပ်ကွက်ကလေးရဲ့ ဘဝတစ်ပိုင်းတစ်စဟာ လမ်းထိပ်မှာဆန္ဒွင်းမကင်းရောင်းတဲ့သူရဲ့ ဘဝ လောက်တောင်ဂုဏ်သိက္ခာမရှိဘူးတဲ့။ သူရဲ့ ဆန္ဒွင်းမကင်းဖုတ်တဲ့ဒန်အိုးဟာ(၁)ပိသာရှိပြီးရပ်ကွက် ထိပ်ကအပေါင်ဆိုင်မှာပေါင်ရင် ငွေသုံးထောင်ရတယ်။ ဆန္ဒွင်းမကင်းအိုးက ဆန္ဒွင်းမကင်းသည်ရဲ့ အသက်ခန္ဓာပဲ။ ဒါပေမဲ့သူ့ရဲ့ အသက်ခန္ဓာကို အပေါင်ဆိုင်ကပြန်ရွေးဖို့ အခွင့်အရေးသူ့မှာရှိတယ်။

ရပ်ကွက်ကလေးမှာ.....

အပေါင်ဆိုင်ကိုရောက်လာတဲ့ပစ္စည်းတွေက အသက်ဓာတ်တွေပါတယ်။ အပေါင်ဆိုင်ပို့ရတဲ့ ပစ္စည်းမှန်သမျှဟာဒီနေ့ညအတွက်၊ ဒါမှမဟုတ် ဒီနေ့မနက်အတွက်အာမခံချက်အဖြစ် ဖလှယ်ရတဲ့ ပစ္စည်းတွေပါ။ အသက်ဓာတ်နဲ့ညီမျှတဲ့ တန်ဖိုးရှိတဲ့ပစ္စည်းတွေကိုဖလှယ်တာဖြစ်လို့ ရပ်ကွက်က လေးဟာအသက်ဓာတ်ကိုအပေါင်ဆိုင်မှာ ပေါင်လိုက်၊ ပြန်ရွေးလိုက်လုပ်နေတဲ့စွန့်လွှတ်စွန့်စားရပ် ကွက်ကလေးပါ။

ရပ်ကွက်ကလေးဟာဘဝတွေကို စွန့်လွှတ်စွန့်စားပြီးရုန်းကန်ပေမယ့် ကြီးပွားရေးလမ်းစကို မတွေ့နိုင်ဘူး။ ရပ်ကွက်ကလေးဟာတစ်ချိန်က အမေရိကန်လူမည်းတွေရဲ့ ဘဝလိုလမ်းပေါ်မှာလမ်း ပျောက်နေရတယ်။ ပုံရင်းနဲ့ပြုတ်ကျမယ့် ငှက်တစ်ကောင်လို၊ ကူးရင်းနဲ့နစ်ရမယ့် ငါးတစ်ကောင်လို ရပ်ကွက်ကလေးဟာအမောဆို့နေရတယ်။ ရပ်ကွက်ကလေးဟာ အမှိုက်ပုံကိုဆွရတာ အမောဆို့ တော့အမောဆို့တဲ့အကြောင်း သီချင်းလုပ်ဆိုတယ်။ လူဆင်းရဲတွေနေတဲ့ရပ်ကွက်က အမှိုက်ပုံဆို တော့အမှိုက်ပုံလေးခမျာလည်း ကိုယ်ယောင်ကိုယ်ဝါမရှိတဲ့ဆင်းရဲသား အမှိုက်ပုံကလေးပါ။ တစ်နေ့ ကုန်မွှေလို့ အမောပြေစရာမရှိနိုင်တဲ့အမှိုက်ပုံကို ရပ်ကွက်ကလေးကနေ့စဉ်ရက်ဆက် မွှေတယ်၊ နှောက်တယ်။

မျှော်လင့်ရင်ခုန်စရာအကောင်းဆုံးရာသီကတော့ မိုးဦးရာသီပါ။ မိုးဦးရာသီဆိုရင် ရပ်ကွက် ကလေးမှာပိုင်ရှင်မဲ့သီးပင်၊ စားပင်တွေကသရက်၊ ပိန္နဲ၊ တည်င်းစတဲ့အသီးတွေကို သူ့ထက်ငါဦး အောင်ခူးဆွတ်ကြတယ်။ အဲဒီ လိုတည်င်းသီးခူးတဲ့အထဲမှာ ချစ်တီးကားပေါ်ကဆင်းလာတဲ့တက္က သိုလ်ကျောင်းသူလေးလည်း အပင်ခြေမှာဖိနပ်ချွတ်ပြီး တည်င်းသီးခူးတယ်။ ရပ်ကွက်ကလေးဟာ ရသမျှတည်င်းသီးကိုဆားရည်စိမ်ပြီး တစ်နှစ်ပတ်လုံး တည်င်းသီးဆားရည်စိမ်စားတယ်။ ရပ်ကွက် ကလေးရဲ့ ဘဝဟာ တည်င်းသီးဆားရည်စိမ်အိုးလိုပဲ ဖွင့်တိုင်းနံ၊ စားတိုင်းနံ၊ .....နံ၊ .....နံ၊ .....နံလို့ သာနေတော့တယ်။

ရပ်ကွက်ကလေးဟာ ဘယ်သူ့မှဂရုမစိုက်သလို သူ့အမေကိုလည်းဂရုမစိုက်ဘူး။ သူ့အမေ ကိုဂရုမစိုက်တဲ့ရပ်ကွက်ကလေးဟာ သူ့အဖေအလုပ်သွားရင်လမ်းပေါ်မှာ ရည်းစားနဲ့တွဲလျှောက် တယ်။ ဝါးပင်၊ ဝါးရုံတွေနဲ့အနားသတ်ထားတဲ့ ရပ်ကွက်ကလေးဟာချစ်သူတွေအတွက် ပန်းဥယျာဉ် များဖြစ်နေမလား။ ဝါးရုံကလေးတွေဟာ ရပ်ကွက်သားတွေအတွက် မိုးဦးကျမှာမျှစ်ဟင်းတစ်ခွက် ချက်ပေးပြီး နွေနဲ့ဆောင်းရာသီမှာနေပူကပြန်လာတဲ့ ချစ်သူတွေအတွက် အရိပ်ခိုရာဖြစ်ခဲ့တယ်။

မိဘလုပ်တဲ့သူဟာထိန်းမနိုင်တော့တဲ့ ရပ်ကွက်ကလေးကိုသူ့မိဘတွေက လမ်းမပေါ်အတူ တွဲမလျှောက်ဖို့နဲ့ဝါးရုံပန်းခြံတွေမှာချိန်းမတွေ့ဖို့ မေတ္တာရပ်ခံလို့မရတဲ့အဆုံး မိဘအိမ်ကဧည့်ခန်းမှာ ပဲလ္လင်္ကြွေရရစကားပြောဖို့လိုက်လျောခဲ့ရတယ်။ ရပ်ကွက်ကလေးဟာမိဘအိမ်ကဧည့်ခန်းမှာ မလွတ် လပ်ပါဘူး…တဲ့။ မိဘအိမ်ကဧည့်ခန်းမှာ စကားမပြောချင်ပါဘူး…တဲ့။ မိဘအိမ်ကဧည့်ခန်းမှာစကား မပြောချင်တဲ့ရပ်ကွက်ကလေးကို မထိန်းနိုင်တော့တဲ့သူ့အမေက ဘာမပြောညာမပြောနဲ့ မန္တလေးပို့ လိုက်တယ်။

ရပ်ကွက်ကလေးဟာ ရင်နှစ်ခြမ်းဖြန်းဖြန်းကွဲပြီးကျန်ခဲ့တာကို လမ်းထိပ်စတိုးဆိုင်က Super Glue တစ်ထောင့်ဝယ်ပြီးအလွယ်တကူ ပြန်ဆက်လိုက်တယ်။ Super Glueဝယ်ရင်းနဲ့ Super Glue ရောင်းတဲ့ Store ဆိုက်က ကောင်မလေးကိုသူ့ရဲ့ ကွဲနေတဲ့အသည်းနှစ်ခြမ်း အပ်လိုက်တာတဲ့။ ပြီး ရောပေါ့။

ပြီးသွားရင်ပြီးတာပါပဲ ရပ်ကွက်ကလေးရယ်။ ဘာအလုပ်မှမလုပ်ရဘဲ ပိုက်ဆံရနေရင်လည်း ပြီးတာပါပဲ။ "သမီးမမက ဘာအလုပ်လုပ်တာလဲ"လို့ သူ့ညီမကလေးကိုမေးတော့"မသိဘူး"တဲ့။"မမ အိမ်ပြန်လာရင်တော့ပိုက်ဆံတွေအများကြီး ပါလာတယ်၊ သမီးတို့လည်းမုန့်ဖိုးရတယ်၊ ဟင်းကောင်း ကောင်းလည်းဝယ်ချက်နိုင်တယ်၊ ဖိနပ်လှလှလေးလည်း ဝယ်ပေးတယ်"တဲ့။ ဖိနပ်လှလှလေးဝယ် ပေးတဲ့ သူ့မမကိုတစ်ညနေမှာ သူ့အဖေကအခန်းတံခါးပိတ်ပြီး ရိုက်နှက်ဆုံးမတယ်။ မိဘတွေဆို တာကတော့သားသမီးတွေအပေါ် ချစ်မြတ်နိုးတဲ့စိတ်နဲ့ယုံကြည်ကြတာပါပဲ။ သားသမီးတွေအပေါ် အပြစ်မမြင်နိုင်ကြပါဘူး။ အပြစ်ကိုသိတဲ့အချိန်ကျတော့ ဒေါသကထိန်းလို့မရတော့ဘူး။

ရပ်ကွက်ကလေးဟာငယ်စဉ်ကတည်းက သွန်သင်ဆုံးမမှုမရှိခဲ့တော့ခွေးကို ကြီးမှလက်ပေး သင်ရသလိုအခက်အခဲတွေနဲ့ ရင်ဆိုင်ရတာ မဆန်းဘူး။

"တောက်… တောက်… တောက်…"ဆိုတဲ့ တစ်ယောက်နဲ့တစ်ယောက်အချက်ပေးတဲ့မြည် သံစွဲဟာ ရပ်ကွက်ကလေးရဲ့ ခေတ်မီလူငယ်တွေအသုံးပြုတဲ့ ဆက်သွယ်ရေးပဲ။ လူလူချင်းဆက် သွယ်တဲ့အသံမှဟုတ်ပါလေစလို့ အတွေးနယ်ချဲ့စရာ ရပ်ကွက်ကလေးပါ။

ရပ်ကွက်ကလေးမှာသခင်မရှိတဲ့ ရှင်သန်ကြီးပြင်းရတဲ့ခွေးကလေးတွေက ရပ်ကွက်ကလေး ကိုစောင့်ရှောက်တယ်။

ရပ်ကွက်ကလေးရဲ့ ညကင်းသမားတွေက သခင်မရှိတဲ့ခွေးကလေးတွေပေါ့။ သူတို့ဟာအချင်းချင်းဟောင်သံနဲ့ အချက်ပေးပြီးလုံခြုံရေးကွန်ရက် ချိတ်ဆက်ကြတယ်။

ဘာပဲဖြစ်ဖြစ်လေ...၊ တစ်ခါတစ်ရံတော့လုံခြုံရေးကွန်ရက်ဟာ မေ့မေ့မြောမြောအိပ်ပျော်နေ တတ်ပြီးသူတစ်ပါးပစ္စည်းကို တိတ်တဆိတ်ယူတတ်ကြတဲ့သူတွေက အနိုင်ယူတတ်ကြတယ်။

လျှပ်စစ်မီးရဲ့ အလင်းရောင်ဟာ အမှောင်နဲ့လုပ်ကိုင်စားသောက်သူတွေရဲ့ ရန်သူဖြစ်ပြီး အလင်းရောင်ထဲကလူတွေအတွက်တော့ မိတ်ဆွေပေါ့။ ဒါပေမဲ့ရပ်ကွက်ကလေးမှာ လျှပ်စစ်မီးဟာ တစ်ခါတစ်ရံမှာစိတ်ပျက်စရာကောင်းစေခဲ့တယ်။ အထူးသဖြင့် အလုံပိတ်အခန်းမရှိဘဲ ကာရာအို ကေသီချင်းဆိုတဲ့အခါ၊ လျှပ်စစ်မီးအတွက် ဂျင်နရေတာ ကိုဆွဲနှိုးလိုက်တဲ့အခါ စိတ်ခံစားမှုအလုံးစုံ ညစ်ထည်းခဲ့ရတယ်။

အိမ်ထဲကအမှိုက်ကိုအိမ်ရှေ့ မျက်နှာစာပစ်တတ်တဲ့ ရပ်ကွက်ကလေးဟာ အပြင်ထွက်ရင် တော့မိတ်ကပ်အဖွေးသားနဲ့။ လေကောင်းလေသန့်ကလွဲရင် ဘာမှမသန့်တဲ့ရပ်ကွက်ကလေးမှာ စိတ်ခံစားမှုသန့်သန့်ရှင်းရှင်းဖြစ်ဖို့ စိတ်အန်ဖတ်မှန်သမျှစက္ကူပေါ်သွန်ချ၊ ခင်ဗျားတို့ဖတ်ဖို့ပါဆယ် ထုပ်ပို့လိုက်ပါတယ်။ ။

**စတိုင်သစ်မဂ္ဂဇင်း Sept, 2007.**

*

# မနေ့ညက သာတဲ့လ

အိပ်ရာမှမနက်အစောကြီးထပြီးကွင်းပြင်ရှိ ကွပ်ပျစ်ပေါ်တွင်ထိုင်နေမိသည်။နံနက်စောစော အိပ်ရာထရခြင်းကို အခုလိုဆောင်းဦးပေါက်မှ ကျွန်တော် နှစ်သက်သည်။

ကောင်းကင်သည်ပြာလဲ့ကြည်လင် နေသည်။ အစိမ်းရောင်တမာရွက်များ မြေတွင်ပြန့်ကျဲ နေသည်။ လင်းကြက်တွန်သံများဖြင့် စီညံနေသည်။ တိန်ညင်ကြက်ဖကလေး၏ စူးရှသော တွန်သံ သာသည်နံနက်ခင်း၏ အဖွင့်တေးသွား ဖြစ်နေပေလိမ့်မည်။

ထိုအချိန်တွင် အထီးကျန်အဆန်ဆုံးမြင်ကွင်းမှာတော့ ကောင်းကင်ပြာပေါ်ရှိငိုက်မျဉ်းမှိုခိုနေ သောလမင်းကြီးပင်ဖြစ်သည်။ မနေ့ညကညဦးနက်ပိုင်းမှထွက်လာသော လမင်းကြီးသည်ခြွေရံသင်းပင်းစုံညီလှသည်။ မြောက်ပြန်လေအေး တညင်းတညင်းအောက်တွင်အလင်းငွေခြည်မျှင်များ ဖြန့်ကြက်ထားသောပတ်ဝန်းကျင်သည် အာရုံများစုစည်း၍ အတွေးပန်းချီတစ်ချပ်ကို ခြယ်မှုန်းစေခဲ့ သည်။

နံနက်အလင်း၏ အောက်မှာတော့ ထိုအာရုံများသည်လွင့်စဉ်ပြန့်ကျဲသွားကြသည်။ ငေးမော ခြင်းတစ်ခုသာကျွန်တော် တတ်နိုင်တော့သည်။ တွေးတောဂမ်းနည်းခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့သော်ကျွန်တော့်စိတ်ကို အတည်မပြုနိုင်။

မနေ့ညကတော့ ကျွန်တော်နှင့်သူငယ်ချင်းမလိုင်ခဲ့သည် ညဦနက်ပိုင်းမှထွက်လာမည့် လ မင်းကြီးကိုစောင့်မျှော်ရင်း စကားပြောနေခဲ့ကြသည်။ အခုမနက်တော့ ကျွန်တော့်သူငယ်ချင်းသည် အိပ်ရာမှထလိမ့်ဦးမည် မဟုတ်သည်မှာ သေချာသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်သူငယ်ချင်းသည်သူ့ကိုယ်သူ "ဆီဦး ထောပတ်မှစားတဲ့ လူ့မလိုင်ခဲ"ဟုတိုက်ဆိုင်ပါက ပြောတတ်လေသည်။ သို့သော်ဒီမနက်တော့သူ့ကို ကျွန်တော်သွားနှိုး ရလိမ့်မည်။

ထင်ထားသည့်အတိုင်းပင်။ ကျွန်တော့်သူငယ်ချင်း လူ့မလိုင်ခဲသည် အိပ်ရာမှမထသေးပါ။ လေးငါးခါလောက်နှိုးမှ"မင်းကလည်းကွာ၊ မနက်စောစောစီးစီးနှပ်ကောင်းတဲ့အချိန်မှ"ဟုညည်းတွား အပြစ်တင်ရင်းအိပ်ရာထဲ ဟိုဘက်ဒီဘက် သုံးခါလောက်လှိမ့်ပြီးထလာပါသည်။

ကျွန်တော်က "မင်းကို ပြစရာရှိလို့ကွ မလိုင်ခဲ"ဟုပြောရင်း အိမ်ရှေ့ ကွင်းပြင်သို့ထွက်ခဲ့ပါ သည်။

"ဟိုမှာ - ကြည့်စမ်း၊ ကောင်းကင်ပြာကြီးက လမင်းကြီးကို"

"အဲဒါ ဘာဖြစ်လဲ၊ ဒါများ အဆန်းလုပ်လို့၊ ဒီလမင်းကြီးကိုပြဖို့ ငါ့ဆီလာတာလား၊ မနေ့ညက တည်းကထိုင်စောင့်ကြည့်ခဲ့ပြီးပြီ၊ ဘာစိတ်ကူးပေါက်လို့လဲ"

"ဘယ်လောက်သနားစရာကောင်းတဲ့ အထီးကျန်မှုဆိုတာ မင်းမခံစားရဘူးလား မလိုင်ခဲ၊ မ နေ့ညတုန်းကတော့ ငါတို့ထိုင်ကြည့်နေခဲ့ကြသေးတယ်၊ လရောင်အောက်မှာ ကျေနပ်ကြည်နူးနေမိ သေးတယ်၊ ငါတို့လိုပဲ တခြားလူတချို့ လည်း လမင်းကြီးကိုထိုင်ကြည့်နေလိမ့်မယ်၊ ဒါမှမဟုတ် လ မင်းကြီးရဲ့ အလင်းရောင်အောက်မှာ ကြည်နူးနေကြလိမ့်မယ်"

"ဒါပေမဲ့ဒီမနက်တော့လမင်းကြီးကို သတိရမယ့်လူများရှိသေးရဲ လားမသိဘူး"ဟုကျွန်တော် ကပြောတော့မလိုင်ခဲသည် အရောင်မဲ့နေသောလမင်းကြီးကို ငေးမောနေလေသည်။

မလိုင်ခဲက "မင်းပြောတာလည်း ဟုတ်တော့ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ကမ္ဘာဦးကတည်းက ဖြစ်ပျက်ခဲ့တာဆိုတော့ မဆန်းပြားတော့ဘူးပေါ့၊

နောက်လဆန်းရင် ညဦးကစပြီး လသာအုံးမယ်၊ ထုံးစံအတိုင်းနံနက်မိုးလင်းရင်တော့ လမင်းကြီးအလင်းရောင်ဟာ တောက်ပတော့မှာ မဟုတ်ဘူး”

ကျွန်တော်ကတော့ တိမ်ကင်းစင်သောကောင်းကင်မှလမင်းကြီးကို သနားဂရုဏာသက်စွာ ငေးမောနေမိသေးတော့သည်။ အရာအားလုံးသည်တောက်ပရွှန်းပခြင်း ကင်းမဲ့နေတော့သည်။ ဖြူဖပ်ဖြူရော်နှင့်သွေးသားကင်းမဲ့နေသော အရာတစ်ခုသည်ကောင်းကင်မှ လမင်းကြီးပင်ဖြစ်ပေလိမ့် မည်။

*

ညတွင်းချင်းမွေးဖွားခဲ့သော ရေလယ်ကောင်မှသဲသောင်ပြင်အသစ်ကလေးကို သတိရနေ သေးသည်။ လူတစ်ယောက်တလေမျှခြေမချရသေးသော သဲသောင်ပြင်စိုစိုကလေးပေါ်ကို ကျွန်တော်အရင်ဆုံးရောက်ဖူးသည်။ အပြာဖျော့ရောင်နှင်းခိုးမှိုင်းများ ပိတ်ဆီးနေသောမြစ်ပြင်ကို လွမ်း ဆွတ်မိသည်။ သောင်ပြင်ရေစပ်မှကျွန်းတုံးကြီးကို လွမ်းမိသည်။ အမှန်တော့ တစ်နှစ်လျှင်ကျွန်းတုံး တစ်တုံးသောင်ပြင်ကမ်း ရေချိုးဆိပ်တွင်အဝတ်လျှော်ဖွပ်၍ အဆင်ပြေရန်ဆယ်ယူထားကြသည်။ နှစ်စဉ်နှစ်တိုင်းရေချိုးဆိပ်တွင် ကျွန်းတုံးတစ်တုံးရှိနေခဲ့သော်လည်း ယခုနှစ်ကျွန်းတုံးသည် ၁၉၈၃ ခုနှစ်ကကျွန်းတုံးကြီး မဟုတ်တော့ပါ။

မနက်အစောကြီးသဲသောင်ပြင်ပေါ် ကျွန်တော့်ထက်အရင်ရောက်သူများမှာ ဟင်္သာငှက်များ ဖြစ်ကြသည်။ ဟင်္သာများသည် သူတို့၏ အမွေးများကိုဖွကာ ဇက်များကိုပု၍ နှစ်ကောင်တစ်တွဲအေး

ချမ်းစွာဝပ်နေကြမည်။

အခုလိုဆောင်းရာသီတွင် ထိုသဲသောင်ပြင်များပေါ်သို့ ဟသ်ာငှက်များရောက်လာကြမည် မှာတော့သေချာပါသည်။

ဝါးလုံးများဖြင့်ခြံခတ်ထားသော၊ ကသစ်ပင်များဖြင့်စည်းရိုးလုပ်ထားသော ပေါင်းပင်တစ်ပင် တလေမျှ မကျန်တော့လောက်အောင်မှုန်းထားသော မြစ်ကမ်းဘေးရှိယာခင်းသစ်များကလည်း ကျွန်တော့်အမြင်အာရုံထဲမှာလွင့်ထွက်မသွားသေးတာ အမှန်ပင်။ မိုးရာသီကတည်းက ရှည်ထွက် နေသောမြက်ပင်များနှင့်ပြည့်နေသည့် ရေချိုးသွားလမ်းကြားကလေးကိုလည်း သတိရနေမိနေဦး မည်။ အရမ်းလွမ်းစရာကောင်းပါတယ် မနှင်းဆီရယ်...။

ရင်ခုန်လွမ်းဆွတ်မှုဆိုတာ လူတိုင်းအတွက်မဟုတ်ပေမယ့်အခိုက်အတန့် အချိန်များစွာပျော် ရွှင်မှု၊ ဂမ်းနည်းမှုတွေခံစားခဲ့ရတဲ့ ကျွန်တော့်အဖို့တော့ မမေ့ကောင်တဲ့အရာတစ်ခုပါ မနှင်းဆီရယ်။ ဘဝတစ်ခုရဲ့ ပျိုမျစ်တဲ့ရင်ခုန်မှုတွေကို စတင်မွေးဖွားပေးခဲ့တဲ့ မနှင်းဆီရယ်၊ မနှင်းဆီရဲ့ ပတ်ဝန်းကျင် ရယ်၊ ကျွန်တော့်ကိုဘာလို့ ချစ်ရတာ လဲလို့မနှင်းဆီကို ကျွန်တော်ဘယ်တော့မှ မမေးခဲ့သလို မနှင်း ဆီကလည်း...။

ဒါပဲပေ့ါဗျာ၊ ရင်ခုန်ခံစားရတာ ချင်း အနီးစပ်ဆုံးတူညီတဲ့ပြန်ဖို့ပဲ မဟုတ်လား။ လောလော ဆယ်မှာတော့ ချစ်နေဖို့ပဲလိုပါတယ်။ ရှေ ဘယ်လိုခရီးဆက်ရမယ်ဆိုတာကို ဘုရားသခင်မှပဲသိ လိမ့်မယ်။ မနှင်းဆီ နားလည်ပါတယ်လေ။

*

မနှင်းဆီ နားမလည်ဘူးဗျာ၊ ကျွန်တော်လည်း နားမလည်နိုင်ပါဘူး။ တစ်ယောက်ယောက် တော့မှားနေပြီ မနှင်းဆီ။ နှစ်ယောက်စလုံးမှားတာလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့။ ကျွန်တော်နဲ့မနှင်း ဆီဆိုတာသိပ်ပြီးတော့ ကွာဟလှတဲ့လူတန်းစားတော့ မဟုတ်ပါဘူး။ ဒါပေါ့လေ၊ ကွာခြားမှုမရှိတဲ့ရိုး သားခြင်းဆိုတာ တစ်ခါတစ်ရံပျင်းရိဖွယ်ကောင်းတဲ့လိုက်ဖက်မှုလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော့် အတွက်တော့ဘဝမှာ ထီဖွင့်ရက်မရှိတော့ပါဘူး မနှင်းဆီ။

၁၉၈၃ ခုနှစ်ရဲ့ တပေါင်းနွေ၊ ဥသြတွန်သံ၊ လက်ပံပွင့်ကြွေများ၊ သိမ်းပြီးသွားတဲ့မြေပဲခင်း၊ ဟင်္သာငှက်တွေအိမ်ပြန်သွားတဲ့ သဲသောင်ပြင်၊ ရိုးတံပြိုင်းပြိုင်းသစ်ပင်တွေနှင့် တောင်စဉ်တန်း၊ တောမီးလောင်နေတဲ့ တောင်စဉ်တန်း၊ သဲပုံစေတီ ပွဲတော်၊ မြစ်ကမ်းပါးယံတစ်လျှောက် စိုက်ထား သောအဝါရောင်ပန်းနှမ်းခင်းများ၊ ဟာလာဟင်းလင်းဖြစ်နေတဲ့ ရင်ခုန်မှုတွေနဲ့အတူ မရေမရာငေး မောရင်းမြင်ကွင်းထဲမှာ လွမ်းမောစွာအမှတ်ရနေစရာ နေရာတွေပေါ့ မနှင်းဆီ။

မနှင်းဆီ ပြန်လိုချင်သောဓာတ်ပုံများနှင့် စာများကိုတော့ "ချင်းတွင်းမြစ်ရဲ့ နူးညံ့သိမ်မွေ့တဲ့ နွေဦးရေစီးမှာမျောပါခိုစီးဖို့ ကျွန်တော်ထားခဲ့ရတယ်"လို့ လိမ်ညာပြောခဲ့ပါတယ်။ ခွင့်လွှတ်ပါ မနှင်းဆီ။

မနှင်းဆီအပေါ်မှာရှိနေတဲ့ သံယောဇဉ်တွေကိုအပွန်းအပဲ့မခံနိုင်လွန်းလို့လိမ်ညာခြင်းအမှုကို ပြုလုပ်ခဲ့ရတာပေါ့။ ကျွန်တော့်ရဲ့ ရင်ခုန်ရတဲ့ အတိတ်ဆိုတာကိုရှည်ရှည်ဝေးဝေး မတွေးချင်ပါဘူး။

ဖျတ်ခနဲဆိုရင် မနှင်းဆီကိုသတိရပြီးသား ဖြစ်နေချင်ပါတယ်။ ဓာတ်ပုံထဲကပြုံးစစနဲ့ မနှင်း ဆီမျက်နှာလေးကို ငေးကြည့်ခွင့်ရှိနေတာကိုပဲ ကျွန်တော့်ရှင်သန်မှုအတွက် အင်အားတစ်ခုပါ။

မနှင်းဆီရဲ့ အစ်မတွေနဲ့ ဆွေမျိုးအသိုင်းအဝိုင်းကတော့ အဖမ်းခံရတဲ့သူခိုးတစ်ယောက်လို သနားဂရုဏာမျက်လုံးတွေနဲ့ ကျွန်တော့်ကိုကြည့်နေခဲ့ကြတယ်။သနားစရာကောင်းလွန်းတဲ့မနှင်းဆီ နဲ့အတူအားလုံးကို သနားနေမိပါသေးတယ်။

သံယောဇဉ်ဆိုတာ အလှအပနဲ့မဆိုင်ပါဘူး မနှင်းဆီ။ ပြီးတော့ငွေကြေးစနစ်နဲ့လည်း မဆိုင် ဘူးပေါ့။ မနှင်းဆီနဲ့ကျွန်တော် ရင်ခုန်သံချင်းကြားခဲ့ရတာ ဟာ ဖြူစင်မှုတွေကိုအရင်းတည်ခဲ့တယ်ဆို တာမနှင်းဆီ နားလည်ရဲ့ လား။

ကျွန်တော် မနှင်းဆီကို သတိရတမ်းတနေပါသေးတယ်။ ဒါပေမဲ့ ထင်ယောင်ထင်မှားပုံရိပ် တွေနဲ့ မနှင်းဆီ နစ်မွန်းတော့မှာလား။

ဓာတ်ပုံတွေနဲ့စာတွေအတွက် စိတ်ချပါမနှင်းဆီ၊ တိုင်ထိပ်မှာပထမဆုံးစိုက်ခဲ့တာ ကျွန်တော့် ရဲ့ အလံမှန်း အားလုံးသိကြပါတယ်။ ဒါပေမဲ့ မနှင်းဆီအသိုင်းအဝိုင်းကဖြုတ်ချခဲ့တဲ့ မြေကြီးပေါ်က အလံကိုတော့နောက်တစ်ကြိမ် ကျွန်တော်ကိုယ်တိုင်ပြန်မတင်တော့ဘူး။ ဆင်ခြင်ပေးတဲ့စကားတွေ ကြားရတာ ထက် အေးအေးချမ်းချမ်းနေရတာ ကို ကျွန်တော်နှစ်သက်ပါတယ်။ တစ်နေရာရာကို ငေး မောတိတ်ဆိတ်နေရတာ မျိုးပေါ့။

တန်ဆောင်မုန်းညရဲ့ လပြည့်ဝန်းဆိုတဲ့ကဗျာကို ကျွန်တော် အရင်ဆုံးရေးတယ်ဗျာ။ ငြင်း ချက်ထုတ်မယ့်သူ ဘယ်သူရှိပါသလဲ။ ဒါကိုကျွန်တော့်သူငယ်ချင်းတစ်ယောက် သိတယ်။ အဲဒီ နေ့ ကတန်ဆောင်မုန်းလပြည့်နေ့ ဖြစ်ပါတယ်။

တကယ်တမ်းတော့ဗျာ… ကဗျာတစ်ပုဒ်ကိုဖတ်ပြီးခံစားရသမျှဟာ အကြီးအကျယ်တုန်လှုပ် သွားဖို့ပါပဲမနှင်းဆီ။ ကျွန်တော့်အတွက်တော့ ထူးထူးထွေထွေဆန္ဒမရှိပါဘူး။ ဒီကဗျာကိုမနှင်းဆီ ဘယ်တော့မှဖတ်သွားရမယ်

မထင်နဲ့လေ။

ဘာဖြစ်လို့လဲဆိုတော့ လပြည့်ဝန်းကြီးရဲ့ လရောင်အောက်က သဲသောင်ပြင်ကြီးပေါ်မှာပဲ ရေးခဲ့တာကိုး။ ပြီးတော့အလွတ်ရအောင် သီဆိုခဲ့တယ်။ ကဗျာရဲ့ ရင်ခုန်မှုဟာ ကျွန်တော်တစ် ယောက်တည်းအတွက်ပါ။ တခြားရေးမှတ်ထားတာ မရှိဘူးလေ။

ကျွန်တော်ရွတ်ဆိုခဲ့တဲ့ကဗျာလေးကို ကျွန်တော့်သူငယ်ချင်း ကြားလိမ့်မယ်(ထင်တာပဲ)။ မြောက်ပြန်လေညင်းလေးတွေ သိတယ်၊ ရှောက်ပန်းပင်တွေရဲ့ ဆူးချွန်တွေ သိလိမ့်မယ်၊ လရောင် ကလေးတွေကြားလိမ့်မယ်၊ အရေးကြီးတာက မနှင်းဆီကြားမသွားဖို့ဘဲ မဟုတ်လား။ တမ်းတကြေ ကွဲမှုသက်သက်ပါ မနှင်းဆီ။

*

ရယ်စရာကောင်းတဲ့ စာတစ်စောင်တော့မဟုတ်ပါဘူး မနှင်းဆီရယ်။ ဦးပုညက မေတ္တာစာ တွေအများကြီးရေးခဲ့ပါတယ်။ လူတစ်ယောက်ဟာမြစ်ထဲမှာ ခြေထောက်နှစ်ခါပြန်မဆေးနိုင်ပေမယ့် မနှင်းဆီအတွက်မပြောင်းလဲတဲ့ မြစ်မရေဟာကျွန်တော်ပဲ မဟုတ်လား။ ပြောစမ်းပါ မနှင်းဆီရယ်၊ ဖြစ်နှစ်လျှင်မနှင်းဆီရဲ့ ခြေထောက်တွေကို တစ်ခါတည်းနဲ့စင်သွားအောင် ဆေးကြောလိုက်ပါ။

ဝမ်းနည်းလို့ကျတဲ့မျက်ရည်တွေဟာ ဝမ်းသာလို့ကျတဲ့မျက်ရည်တွေထက် ပရိတင်းဓာတ် တွေပိုပါသွားတယ်လို့ ကြားဖူးတယ်။ ကျန်းမာရေးချို့ တဲ့သွားပ့ါမယ် မနှင်းဆီ။

ကျွန်တော့်ကိုနားလည်ဖို့ထက် ရင်ခုန်ဖို့ပဲလိုပါတယ်။ ရင်တွေခုန်သေးရဲ့လား မနှင်းဆီ၊ ရင် ခုန်သံတွေနှေးသွားမှာကို ကျွန်တော် သိပ်စိုးရိမ်တယ်ဗျာ။

တကယ်တမ်းတော့ မနှင်းဆီအတွက် ကျွန်တော့်ရင်ခုန်မှုဂရုပ်သည်ပုံမှန်ပင်ဖြစ်နေသည်ကို မနှင်းဆီရှေ့ မှာပင် သတိထားမိလေသည်။ အရမ်းပိန်သွားတာပဲ မနှင်းဆီ။

*

မြှောက်ပင့်ပေးမှုသည် လိုလားမှုအတွက်ဆိုလျှင်ဆင်ခြေပေးရှုတ်ချမှုသည် မလိုလားမှုအတွက်ဖြစ်နေလိမ့်မည်။ ကြောက်ရွံ့ ထိတ်လန့်ဖွယ်ဆင်ခြေစကားတစ်ခွန်းကို မနှင်းဆီကြားခဲ့ရဟန် တူသည်။ သွေးပျက်ခဲ့ပါသလား မနှင်းဆီ။

မနှင်းဆီကို ကျွန်တော်ယပ်ခတ်ပေးနေမိသည်။ ချွေးသီးချွေးပေါက်တွေ တော်တော်များတာ ပဲနော် မနှင်းဆီ။ မနှင်းဆီရဲ့ အမေလည်း ရွာထဲအလည်ထွက်တာမတွေ့ရပါလား။ မနှင်းဆီရဲ့ အဖေ ကတော့ဥပုသ်ကျောင်းသွား မပျက်ဘူးနော်။ တရားသီလဆောက်တည်တယ်ဆိုတာ အကောင်းဆုံး ပါမနှင်းဆီ၊ မနှင်းဆီရဲ့ ခပ်စွာစွာ ညီမလေးတစ်ယောက်ကိုလည်းအခုတလော လမ်းပေါ်မှာ မမြင်မိ ပါလား။ အားလုံးဟာအိပ်မက်ဆိုးက လန့်နိုးလာကြတဲ့ လူတွေလိုပဲ။

လျှပ်စီးတွေတဝင်းဝင်းနဲ့မိုးချုန်းသံ တဒိန်းဒိန်းကြားရပေမယ့်မိုးက ရွာချင်မှရွာမှာပါ။ ဒါပေမဲ့ မိုးကြိုးပစ်တယ်ဆိုတာ မိုးရွာတဲ့အချိန်ပစ်တတ်တာများပါတယ်။ အခုတော့ မိုးရေခံတာ မိုးရေမရဘဲ နဲ့မိုးကြိုးပစ်ခံခဲ့ရပြီလား မနှင်းဆီ။

မိုးရေထဲကိုမသွားပါနဲ့ မနှင်းဆီ။ အန္တရာယ်များလွန်းပါတယ်၊ မိုးရေစီးကြောင်းမှာပုလင်းကွဲ တွေရှိတတ်တယ်၊ ခြေထောက်မှာအနာပေါက်လျက်နဲ့ မိုးရေထဲသွားရင် မိုးရေထဲပါလာတတ်တဲ့လူ့ အသက်ကိုသေစေနိုင်တဲ့ပိုးတွေ အနာထဲဝင် ဒုက္ခပေးရင်မခက်ဘူးလား။

မနှင်းဆီရဲ့ ဆံပင်ပါးပါးဖြောင့်ဖြောင့်လေး မိုးရေရွှဲသွားရင် ခေါင်းသေးကလေးနဲ့မျက်စိထဲမှာ တစ်မျိုးဖြစ်သွားတာပဲ။ ဆံပင်မခြောက်လို့အအေးမိပြီး ဖျားနေပါဦးမယ် မနှင်းဆီ။

တကယ်တမ်းတော့ မနှင်းဆီကိုပစ်လိုက်သောမိုးကြိုးစက်ကွင်း၏ ဒဏ်ကို ကျွန်တော်ပါခံစား ခဲ့ရသည်။ မိုးကြိုးစက်ကွင်းကြောင့် ကျွန်တော်သည်လူစင်စစ်မှ ချိုပေါက်ခဲ့ရသည်။ အရေးမကြီးပါ ဘူးမနှင်းဆီ၊ အရေးကြီးတာက မနှင်းဆီပါ။

မနှင်းဆီဟာ မြန်မာမိန်းကလေးတစ်ယောက်ဖြစ်တယ်ဆိုတာ အမြဲတမ်းသတိရနေစမ်းပါ။ အသက်ကိုဉာဏ်စောင့်ပါတယ် မနှင်းဆီ။ သတိတမံ ဉာဏ်မြေကတုတ်ဆိုတာကို မနှင်းဆီနား လည်မှာပါ။

ဒါပေမဲ့လေ...။

မနှင်းဆီမိုးမရွာခင် မိုးကြိုးပစ်ခံခဲ့ရပြန်တယ်။ အနည်းဆုံး သုံးကြိမ်လောက်တော့ရှိမှာပေါ့။ တောင်ကုန်း၊ တောင်တန်းတွေများတဲ့ဒေသမှာ မြေပြန့်လွင်ပြင်ထက်ပိုပြီးတော့ မိုးရွာတယ်၊ မိုးကြိုး ပစ်တယ်။

မြစ်ကမ်းဘေး ရွာလေးတစ်ရွာ၊ တောင်တန်းတွေကြားကရွာ၊ မနှင်းဆီ၊ မိုးကြိုးပစ်ခြင်း၊ ဟသ်ာငှက်၊ သဲသောင်ပြင်၊ ရင်ခုန်မှု၊ မိုးကြိုးဒဏ်ရာများနှင့် နှလုံးသားရပ်ဝန်းဒေသ...။

ရွှေမိုး၊ငွေမိုးတွေကို မနှင်းဆီကလိုချင်တာလား၊ မနှင်းဆီအသိုက်အဝန်းက လိုချင်တာလား။ ကျွန်တော်ဆိုတဲ့လူကလည်း

မနှင်းဆီအတွက်မြစ်တစ်စင်းမဟုတ်ဘဲ ရေကန်တစ်ကန်ဖြစ်နေခဲ့
သည်ဟုထင်သည်။ ဟုတ်ပါသည်။ ကျွန်တော်သည် မနှင်းဆီ၏ ရေကန်တစ်ကန်
ဖြစ်ပါသည်။

မနှင်းဆီ၏ ခြေထောက်သည်လည်း ဘယ်တော့မှအညစ်အကြေး
မပြောင်နိုင်ပါ။ (ဆေးတုန်း ခဏ စင်ကြယ်ပေလိမ့်မည်။

ထိုသို့သိခဲ့ရပြီးသောအချိန်မှာတော့ကျွန်တော်သည် မနှင်းဆီကိုခေါ်၍
ချင်းတွင်းမြစ်ကြောင်း အတိုင်းဖောင်တစ်စင်းဖြင့် စုန်ဆင်းခဲ့တော့သည်။
မိုးရာသီဖြစ်သဖြင့် ရေစီးအလွန်သန်သည်။ ဂဲများ ပေါသည်။ တစ်ခါတစ်ရံ
မိုးသည်းထန်စွာရွာသည်ကို ကြုံရသည်။ မိုးကြိုးပစ်မှာကို ကျွန်တော်တို့နှစ်
ယောက်စလုံးမကြောက်ရွံ့ တော့။ နာမည်ကြီးဂဲများဖြစ်သော၊
အလွန်ဆိုးဝါးသောပေဂဲ၊ဝက်သိုက်ဂဲ၊ မစိန်ဂဲ၊ ရွှေစာရေးဂဲ စသည့်ဂဲကြီးများရှိရာတွင်
အောင်မြင်စွာပဲ့ထိန်းရှောင်တိမ်းနိုင်ခဲ့သည်။

မနှင်းဆီသည် သူ့ခြေထောက်များကိုဖောင်ပေါ်မှတွဲလွဲချ၍ မြစ်ထဲတွင်
မကြာခဏရေဆေး နေတော့သည်။ ခြေဖမိုး၊
ခြေမျက်စိအောက်နေရာအနှံ့ပြောင်နေအောင် ဆေးသည်။

ရေထဲမှ ဖောင်ပေါ်မှာဆေးရသဖြင့်
ကုန်းပေါ်မှာလောက်အညစ်အကြေးမပေတော့။ မနှင်း ဆီ၏
ခြေထောက်ကလေးမှာဖြူဖွေးနေပြီး ဖနောင့်ကလေးများ ပန်းရောင်ပြေးနေသည်။
မနှင်းဆီ၏ ဖနောင့်ကလေးနှစ်ဖက်ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲတွင်
တလှပ်လှပ်ခုန်နေပြန်သည်။ မနှင်းဆီ ရယ်...။

တစ်နှစ်တွင် တစ်ခါလောက်မျှ မိုးကြိုးမပစ်တတ်သောမြို့
ကလေးတစ်မြို့ တွင် ကျွန်တော်တို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်။ ထိုမြို့
ကလေးတွင် တမာပင်များပေါသော်လည်း တမာပင်ပေါ်တွင်

အံ့သောပျားအုံများမှပျားရည်သည် အလွန်အကျိုးပြုစွာတန်ဖိုးရှိလေသည်။

*

ကျွန်တော်သည် သူငယ်ချင်းမလိုင်ခဲကိုနှုတ်ဆက်၍ အိမ်ပြန်ခဲ့သည်။ အိမ်ပြန်ရောက်သော အခါမနှင်းဆီသည် ရေနွေးခပ်လာပြီး ကွပ်ပျစ်ပေါ်လာချသည်။

သမီးလေးသည် မနှင်းဆီ၏ ရင်ငွေ့ကို ခိုလှုံနေသည်။

စောစောစီးစီး ဘယ်သွားတာလဲ မောင်

မလိုင်ခဲကိုသွားနှိုးပြီး လမင်းကြီးကိုကြည့်ခိုင်းခဲ့တာ၊ လမင်းကြီးကို မနှင်းဆီကြည့်လိုက်စမ်း ပါ၊ မနှင်းဆီနဲ့ မတူဘူးလား

**ရန်ကုန်သစ်မဂ္ဂဇင်း March, 1989.**

*